**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး**

တတိယနေ့**မှတ်တမ်း**

**၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက် )**

**[သောကြာနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ တတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၁)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၈၆.၄၃) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေးစတင် ကျင်းပကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေးရဲ့ တတိယနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဦးအောင်ကျော်စိုး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

စတုတ္ထပုံမှန် အစည်းအဝေး တတိယနေ့ ၃-၂-၂၀၁၇ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကိုယ်စား ကယားပြည်နယ် မဲဆန္ဒနယ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးအောင်ကျော်စိုး က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ပအိုဝ်းအမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ တက်ရောက်ရန်။ ဦးစိုင်းစံအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးစောသန်းထွဋ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ငွေစာရင်းပူးပေါင်းကော်မတီအစည်းအဝေး။ ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ငင်းအတိုင်း။ ဒေါ်ရွှေရွှေစိန်လတ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်အောင်စန်းချစ်၊ တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ နေမကောင်း။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကျန်းမာရေး။ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေး။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)နှင့် ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်းတို့ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ (၁၄)ဦး နှင့် ယနေ့ခွင့်ပန်ကြားသူ (၁၆)ဦး ဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ (၃၀)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ်သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၄)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၆)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၃၀) ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်ငါးဦး မေးမြန်းတဲ့ မေးခွန်းများဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ခေတ်အဆက်ဆက်ဒေသဖွံ့ဖြိုးရေး နောက်ကျနေသော နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် လယ်ယာမြေဖော်ထုတ်ပြီး စိုက်ပျိုးမြေ ဖန်တီးရေးအပါအဝင် လူမှုဘဝ တိုးတက်စေရေး စီမံကိန်းများ သီးခြားရေးဆွဲ အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံတော်မှ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးမင်းနိုင်က ခေတ်အဆက်ဆက်ဒေသဖွံ့ဖြိုးရေး နောက်ကျနေသော နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် လယ်ယာမြေဖော်ထုတ်ပြီး စိုက်ပျိုးမြေ ဖန်တီးရေးအပါအဝင် လူမှုဘဝ တိုးတက်စေရေး စီမံကိန်းများ သီးခြားရေးဆွဲ အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံတော်မှ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးမင်းနိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၁၂) နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ဦးမင်းနိုင် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုသော မေးခွန်းမှာ ခေတ်အဆက်ဆက်ဒေသဖွံ့ဖြိုးရေး နောက်ကျခဲ့ရသော နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် လယ်ယာမြေဖော်ထုတ်ပြီး စိုက်ပျိုးမြေ ဖန်တီးရေး အပါအဝင် လူမှုဘဝတိုးတက်စေရေးစီမံကိန်း သီးခြားရေးဆွဲ အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံတော်မှ ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အား Power Point အသုံးပြုခွင့် တောင်းခံလိုပါတယ်။ ဒါကတော့ ကျွန်တော်တို့ နာဂဒေသမှာ လူနေမှုအခြေအနေကို တင်ပြခြင်း ဖြစ်ပါတယ်။ ဒါလည်း ကျွန်တော်တို့ နာဂဒေသမှာ ယနေ့နေထိုင်နေတဲ့ နာဂဒေသရဲ့ လူနေမှု အခြေအနေကို တင်ပြခြင်းဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ နာဂဒေသမှာ ပညာရေး၊ ကျန်းမာရေး နဲ့ပတ်သက်လို့ တပ်မတော်သားဆရာဝန်တွေက ကူညီစောင့်ရှောက်နေတဲ့ ဒေသကို ပြသခြင်း ဖြစ်ပါတယ်။ ဒါကတော့ လမ်းပန်းဆက်သွယ်ရေးကို တင်ပြခြင်းဖြစ်ပါတယ်။ ဒါကတော့ လယ်ယာမြေ ဖော်ထုတ်ရေးနှင့် ပတ်သက်၍ အချို့သောမြေပုံတွေကို တင်ပြခြင်းဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပါဝင်သော နာဂဒေသသည် ဟုမ္မလင်းမြို့နယ်မှတစ်ဆင့် လေရှီးမြို့နယ်သို့လည်းကောင်း၊ ခန္တီးမြို့နယ်မှ လဟယ် မြို့နယ်သို့လည်းကောင်း၊ မြစ်ကြီးနား-တနိုင်းလမ်းကြောင်းဖြင့် နန်းယွန်းမြို့နယ်သို့လည်းကောင်း၊ လမ်းပန်းဆက်သွယ်သွားလာရသောကြောင့် ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက် ပြည်မ ရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် ဆက်သွယ်ရန်ခက်ခဲပြီး စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးအဆင့်များ အတိုင်းထက်အလွန် နိမ့်ကျခဲ့ရပါတယ်။ နာဂဒေသတွင် လယ်ယာမြေ

ဖော်ထုတ်နိုင်သော မြေဧကပေါင်းလေးသောင်းကျော် ကျန်ရှိနေပါသေး၍ လေရှီး၊ လဟယ်၊ နန်းယွန်းမြို့နယ်တွင် နေထိုင်သော ဒေသခံနာဂပြည်သူများအနေဖြင့် ဆောင်ရွက်နိုင်ခြင်းမရှိပါ၍ နည်းပညာနှင့် ငွေအရင်းအနှီး၊ စက်ယန္တရားများနှင့် မြို့ပြနှင့်ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ခြင်း၊ စိုက်ပျိုးနိုင်သော မြေယာဖော်ထုတ်ခြင်း၊ သယံဇာတသဘာဝ သတ္တုဖော်ထုတ်ခြင်းစသော စီမံကိန်းများ ပြည်ထောင်စုအစိုးရမှသော်လည်းကောင်း၊ ဂျပန်၊ ကိုရီးယားကဲ့သို့ နိုင်ငံတကာ အကူအညီပေးအဖွဲ့ဖြင့်လည်းကောင်း ကူညီဆောင်ရွက်ပေးရန် အမှန်တကယ် လိုအပ်နေပါသဖြင့် ဆောင်ရွက်ပေးနိုင်ရန် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်းယွန်းမြို့၊ လဟယ်မြို့၊ လေရှီးမြို့တို့၏ လူနေမှုအခြေအနေ တင်ပြသောပုံ (ခ)



စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နန်းယွန်းမြို့၊ လဟယ်မြို့၊ လေရှီးမြို့တို့၏ လူနေမှုအခြေအနေ တင်ပြသောပုံ (ခ-၁)



နာဂဒေသ၏ ပညာရေးနှင့် ကျန်းမာရေးအခြေအနေ တင်ပြသောပုံ (ခ-၂)



**မြန်မာနိုင်ငံအနှံ့အပြား ပျားမွေးမြူရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသော ပျားလုပ်ငန်းရှင်များသည် ပြည်တွင်းစားသုံးပြီး ပိုလျှံသော ပျားရည်များကို နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်ရန်၊ ဈေးကွက် မှန်ကန် တည်မြဲနိုင်ရန်တို့အတွက် နိုင်ငံတကာ စီးပွားရေးလုပ်ငန်းရှင်များနှင့် တိုက်ရိုက် ပေါင်းစပ်ညှိနှိုင်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း က မြန်မာနိုင်ငံအနှံ့အပြား ပျားမွေးမြူရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသော ပျားလုပ်ငန်းရှင်များသည် ပြည်တွင်းစားသုံးပြီး ပိုလျှံသော ပျားရည်များကို နိုင်ငံတကာ ဈေးကွက်သို့ တင်ပို့နိုင်ရန်၊ ဈေးကွက်မှန်ကန် တည်မြဲနိုင်ရန်တို့အတွက် နိုင်ငံတကာ စီးပွားရေးလုပ်ငန်းရှင်များနှင့် တိုက်ရိုက် ပေါင်းစပ်ညှိနှိုင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ အားလုံးမင်္ဂလာပါ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံအနှံ့အပြား ပျားမွေးမြူရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသော ပျားလုပ်ငန်းရှင်များအနေဖြင့် ပြည်တွင်းစားသုံးပြီးတော့ ပိုလျှံသည့် ပျားရည်များကို နိုင်ငံတကာဈေးကွက်ရှာဖွေ ဖြည့်ဆည်းပေးနိုင်ရန် အလို့ငှာ အမျိုးသားလွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးလှဆန်း က ဖော်ပြပါမေးခွန်းအား မေးမြန်းရခြင်း ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံအနှံ့အပြား မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးများနဲ့ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊

ကယားပြည်နယ်၊ ကချင်ပြည်နယ်ဒေသများမှာ ပျားမွေးမြူပြီးတော့ ပျားရည်ထုတ်လုပ်သော ပျားလုပ်ငန်းရှင်များအနေဖြင့် ရာသီပန်းများဖြစ်သော နှမ်း၊ ဇီး၊ နေကြာ၊ တောင်ပေါ်ပန်းနှမ်း သီးနှံ ပွင့်ချိန်လိုက်ပြီးတော့ တိုင်းဒေသကြီး/ပြည်နယ်များသို့ ရွှေ့လျားစနစ်ဖြင့် ပျားအုံများ ချထားမွေးမြူခြင်းအားဖြင့် လုပ်ငန်းကိုင်တာများ ဆောင်ရွက်ကြကြောင်း၊ ယခုလက်ရှိအနေအထားဆိုရင် ပဲခူးတိုင်း၊ မင်းလှမြို့နယ်နှင့် သာယာဝတီမြို့နယ်များမှာ အသီးအနှံကြားကထွက်တဲ့ ပေါင်းပင်ငယ်များမှ ဝတ်ရည်ရရှိသည့်အတွက် ၎င်းဒေသများတွင် ပျားမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိကြောင်း လည်းသိရှိရပါတယ်။ ပျားများဖြင့် ဝတ်မှုန်ကူးခြင်းသည် သီးနှံစိုက်ပျိုးတောင်သူများ အကျိုးဖြစ်ထွန်းစေပြီးတော့ ပျားမွေးမြူသူများသည်လည်း ပျားရည်နှင့် ပျားထွက်ပစ္စည်းများရရှိသည့်အပြင် ပျားမွေးမြူခြင်းဖြင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာစေမှာဖြစ်ပါတယ်။ ပျားရည်အမြောက်အမြား ထွက်ရှိလာခြင်းနှင့် ပြည်တွင်းစားသုံးပြီးတော့ ပိုလျှံသည့်ပျားရည်များကို နိုင်ငံတကာဈေးကွက်သို့ တင်ပို့ပြီး ဈေးကွက်မှန်ကန်တည်မြဲပါက နိုင်ငံခြားငွေများလည်း ပိုမိုရရှိလာမည်ဖြစ်ပါတယ်။

သို့သော်လည်းပဲ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၊ ပျားရည်ဈေးနှုန်း (၁)ပိဿာဈေးနှုန်းက နှမ်းပျားက(၂၉၀၀)ကျပ်၊ ဇီးပျားက(၃၄၀၀)ကျပ်၊ တောင်ပေါ်ပန်းနှမ်းက (၂၇၀၀)ကျပ်၊ နေကြာ (၂၅၀၀)ကျပ်ဈေးမှ ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် (၁)ပိဿာ (၁၇၀၀)၊ (၁၈၀၀)ဈေးသာ ရောင်းရသဖြင့် ဈေးကွက်ပျောက်နေကြောင်း ကျွန်တော့်၏ မဲဆန္ဒနယ်မြေ မကွေး- တောင်တွင်းကြီးလမ်းဘေးတစ်လျှောက် မကွေး-နတ်မောက်လမ်းဘေးတစ်လျှောက် နှမ်းရာသီချိန်မှာ ပျားမွေးမြူသူများထံ ကိုယ်တိုင်ဝင်မေးပြီးတော့ သိရှိခဲ့ရပါတယ်။ လမ်းဘေးမှာ ကလေးငယ်များပါ မိသားစုများ ဖြစ်သလို တဲထိုးနေထိုင်ပြီးတော့ ပျားမွေးမြူခြင်းဖြင့် လုပ်ကိုင်စားသောက်နေရကြောင်းကို မြေပြင်အနေအထား လက်တွေ့ ကွင်းဆင်းလေ့လာမှုအရ သိရှိခဲ့ရပါတယ်။ ပျားရည် အတုနှင့်အစစ် ခွဲနည်းပညာ အဆင့်မြင့်စမ်းသပ်နည်းပညာလည်း လိုအပ်နေသေးကြောင်း ပြောပြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၆-၁၁-၂၀၁၆ ရက်နေ့မှာ မကွေးတိုင်းဒေသကြီး၊ တိုင်းဦးစီးမှူးများရုံးမှာ ပျားလုပ်ငန်းဌာန မကွေးမြို့တွင် တိုင်း/မြို့နယ်ဦးစီးမှူးများ ပျားအထူးကဏ္ဍဖြင့် စာတမ်းပြု ဘွဲ့ရရှိသည့် မကွေးတက္ကသိုလ်မှ ဒေါက်တာညိုညိုလွင် အပါအဝင် ပျားမွေးမြူရေးလုပ်ငန်းရှင် (၂၈)ဦးနဲ့ တွေ့ဆုံဆွေးနွေးခဲ့ရာတွင် ပျားရည်ဈေးကွက်အနေအထားအပြင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အချို့ရဲ့တင်ပြချက်၊ စစ်ကိုင်းတိုင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ဆုံးဖြတ်ချက်အရ ပျားမွေးမြူခြင်းကြောင့် စိုက်ပျိုးရေးထိခိုက်သည်ဟုဆိုကာ ပျားပုံးများအား ရက်အကန့်အသတ်ပေးပြီး နှင်ထုတ်ခံရသလို တချို့ ပျားမွေးမြူရေးပုံးများ အဖျက်ဆီးခံရကြောင်းလည်း ပြောပြပါတယ်။ ပျားမွေးမြူရေးသမားများ ဘဝလုံခြုံမှုမရှိသော အနေအထားရောက်ရှိခဲ့ကြောင်း ကိုလည်း ရှင်းပြကြပါတယ်။

ပျားမွေးမြူသူများသည် ပျားစာပြက္ခဒိန်၊ Bee Calendar အပေါ်အခြေခံ၍ သက်ဆိုင်ရာပန်းပွင့်ရာသီအလိုက် ရွှေ့ပြောင်းစနစ်ဖြင့် အချိန်နှင့်တစ်ပြေးညီ ရွှေ့ပြောင်းကြရပါတယ်။ ဆောလျင်စွာပြောင်းရွှေ့ခြင်း၊ နောက်ကျမှပြောင်းရွှေ့ခြင်းမျိုးလုပ်ဆောင်၍ မရပါဘူး။ မှားယွင်းပြောင်းရွှေ့ပါက

ကြီးစွာသော အရှုံးပေါ်နိုင်ပါတယ်။ သို့ပါ၍ စစ်ကိုင်းတိုင်း၊ ကနီမြို့မှာ နေပြည်တော်မှ တာဝန်ရှိသူများနှင့် ပျားမွေးမြူရေးလုပ်ငန်းရှင်များ ထောက်ခံသူတောင်သူများကြောင့် နားလည်မှုရှိကာ ဆက်လက်လုပ်ကိုင်ခွင့်ရရှိခဲ့ပါတယ်။ ပျားလုပ်ငန်းရှင်များအနေဖြင့်လည်း ကိုယ်တိုင်လည်း ပျားရည်အတုမပြုလုပ်မိစေရန်နဲ့၊ ပျားရည်အတု ထုတ်လုပ်သူတွေ့ရှိကလည်း မိမိတို့အဖွဲ့အစည်းမှ ဖယ်ထုတ်သင့်ကြောင်း ကျွန်တော်မှလည်း ဆွေးနွေးခဲ့ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ သီးနှံစိုက်ပျိုးသူများ ပျားမွေးမြူခြင်းကြောင့် သီးနှံပျက်စီးမှု မရှိကြောင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးစေလိုပြီး ပျားမွေးမြူရေးလုပ်ငန်းရှင်များ ရေရှည်ရပ်တည်နိုင်ရေးအတွက် ဘဝလုံခြုံမှု၊ လွတ်လပ်စွာမွေးမြူနိုင်ရေးအလို့ငှာ မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်မည်ကိုလည်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်။

သို့ပါ၍ မြစိမ်းရောင် ငါးမွေးမြူသည့်ကဏ္ဍ၊ နွားမွေးမြူရေးကဏ္ဍ လှည့်ပတ်ရန်ပုံငွေ ထုတ်ပေးသကဲ့သို့ ပျားလုပ်ငန်းရှင်များအားလည်း မြစိမ်းရောင် ပျားမွေးမြူရေးကဏ္ဍကိုလည်း လှည့်ပတ်ရန်ပုံငွေထုတ်ပေးရန်နဲ့ တိုင်းဒေသကြီး ပျားလုပ်ငန်းဌာနနဲ့ ပူးပေါင်းကာ ကူညီဆောင်ရွက်ပေးစေလိုပါသည်။ ပျားမွေးမြူရေး လုပ်ငန်းရှင်များအား ပြည်တွင်းကုမ္ပဏီများသို့ တစ်ဆင့်ခံရောင်းချခြင်းကြောင့် အကျိုးအမြတ်ရရှိမှု နည်းပါးမှုမရှိစေရန် နိုင်ငံတကာဈေးကွက်သို့ တင်ပို့နိုင်ရေးနဲ့ ဈေးကွက်မှန်ကန်တည်မြဲနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်မည့် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ပြည်ထောင်စုအစိုးရသို့ မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ကမ်းဝေးငါးဖမ်းလှေကြီးများသည် ကမ်းမှရေမိုင် (၇)မိုင်ခန့် ဝေးကွာသော ရေးမြို့နယ်မှ ကုလားဂုတ်ကျွန်းကဲ့သို့သော ကျွန်းများအနီးထိ ငါးများကို ဥပဒေအရ ဖမ်းဆီးခွင့်ရရှိနေသဖြင့် ရေလုပ်ငန်းတစ်ခုတည်းအပေါ် အသက်မွေးဝမ်းကျောင်းပြုနေရသည့် ကျွန်းနေပြည်သူများ စားဝတ်နေရေး ကျပ်တည်းလာမှုအပေါ် အမိန့်၊ ညွှန်ကြားချက် တစ်စုံတစ်ရာ ထုတ်ပြန်ပြီး ကာကွယ်ကူညီပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း က ကမ်းဝေးငါးဖမ်းလှေကြီးများသည် ကမ်းမှရေမိုင် (၇)မိုင်ခန့် ဝေးကွာသော ရေးမြို့နယ်မှ ကုလားဂုတ်ကျွန်းကဲ့သို့သော ကျွန်းများအနီးထိ ငါးများကို ဥပဒေအရ ဖမ်းဆီးခွင့်ရရှိနေသဖြင့် ရေလုပ်ငန်းတစ်ခုတည်းအပေါ် အသက်မွေးဝမ်းကျောင်းပြုနေရသည့် ကျွန်းနေပြည်သူများ စားဝတ်နေရေး ကျပ်တည်းလာမှုအပေါ် အမိန့်၊ ညွှန်ကြားချက် တစ်စုံတစ်ရာ ထုတ်ပြန်ပြီး ကာကွယ်ကူညီပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၉။**

**ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ရေးမြို့နယ်က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဝင်း ဖြစ်ပါတယ်။ လိုအပ်တဲ့နေရာမှာ Power Point သုံးစွဲခွင့်ပြုပါရန် ဥက္ကဋ္ဌကြီးအား ကြိုတင်ခွင့်တောင်းခံအပ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခု ကျွန်တော် Power Point မှာ ဖော်ပြထားတဲ့ မေးခွန်းကတော့ ရေးမြို့နယ် ကမ်းခြေက(၇)မိုင်လောက်ဝေးကွာပြီး ပင်လယ်ပြင်ထဲမှာ သီးခြားရှိနေတဲ့ ကုလားဂုတ်ကျွန်းနေ ပြည်သူများရဲ့အသံကို ကိုယ်စားပြုလို့ မေးမြန်းရခြင်းပဲဖြစ်ပါတယ်။ အဓိက ရေလုပ်ငန်းတစ်ခုတည်းကိုပဲ အားကိုးအားထားပြုပြီး ဘဝရပ်တည်နေရတဲ့ ကျွန်းသူ၊ ကျွန်းသားတွေရဲ့ ဘဝဟာ လုံးဝနီးပါး ငါးမမိကြတော့တဲ့အတွက် တစ်နေ့ထက်တစ်နေ့ စားဝတ်နေရေးကြပ်တည်းလာနေကြတယ်ဆိုတဲ့အကြောင်း၊ တံငါသည်တွေခမျာ အခြားလုပ်ငန်းလုပ်ဖို့ဆိုတာက အခွင့်အရေးလည်း မရှိ၊ လုပ်လည်းမလုပ်တတ်ကြလို့ ထမင်းငတ်ကုန်ကြတော့မယ်ဆိုတဲ့အကြောင်း၊ တတ်နိုင်တဲ့နည်းလမ်းနဲ့ မဖြစ်မနေကူညီဆောင်ရွက်ပေးပါဆိုပြီး ကျေးရွာလူကြီးတွေက ရေတစ်တန်၊ ကုန်းတစ်တန်နဲ့ ကျွန်တော့်ဆီကို လာကြပါတယ်။ ပုံမှာ မြင်တဲ့အတိုင်းပဲ ကုလားဂုတ်ကျွန်းက ကမ်းကနေ (၇)မိုင်လောက်ဝေးပါတယ်။ မွန်ပြည်နယ်အတွင်း ပင်လယ်ငါးဖမ်းခွင့်အနေနဲ့ ပြည်တွင်းပြည်ပ ကမ်းဝေးငါးဖမ်းလှေကြီးတွေကို ဒေသခံ တံငါသည်တွေငါးဖမ်းလို့ရအောင် ကမ်းခြေကနေ (၁၀)မိုင်အကွာမှာ ငါးဖမ်းဖို့သတ်မှတ်ထားပါတယ်။ (၁၀)မိုင်အတွင်းမှာတော့ ဒေသခံကမ်းနီးငါးဖမ်း ရေယာဉ်တွေဖမ်းကြပါတယ်။ ငါးအမိနည်းလာတယ်လို့လည်းပဲ ဒေသခံငါးလုပ်ငန်းရှင်တွေက ညည်းညူကြပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အခု Slide ကတော့ ကပ္ပလီပင်လယ်ပြင်ဘက်ကို ရိုက်ထားတဲ့ပုံဖြစ်ပါတယ်။ ဖုန်း Camera နဲ့ ရိုက်ထားတော့ ကမ်းဝေးလှေပုံတွေ သိပ်မမြင်ရဘူးဖြစ်နေပါတယ်။ Zoom ဆွဲကြည့်ရင်တော့ အဲဒီလှေပုံတွေကို မြင်ရပါတယ်။ သူတို့အခေါ်ကတော့ သံခွဲလို့ ခေါ်ပါတယ်။ လှေတစ်စီးနဲ့ တစ်စီးအကြား ပိုက်တွေကို ချိတ်ထားပြီး အပြိုင်မောင်းကြတာပါ။ ပိုက်ကွက်စိပ်စိပ်နဲ့ ပင်လယ်ရေမျက်နှာပြင်ကနေ ရေအောက်ကြမ်းပြင်အထိ ယက်သွဲ့သွဲ့သလို ဖမ်းကြတဲ့အခါကျတော့ ရှိသမျှငါးကြီးရော၊ ငါးသေးရော အကုန်ကုန်ပါတယ်။ မလိုတဲ့ငါးတွေကို ပင်လယ်ထဲပြန်ပစ်ချတော့ ငါးသယံဇာတတွေ ပြုန်းတီးကုန်ပါတယ်။

ဒါကြောင့် သက်ဆိုင်ရာတာဝန်ရှိသူတွေအနေနဲ့ ပင်လယ်ငါးမျိုးတွေကို ထိန်းသိမ်းနိုင်ဖို့ဆိုတာ ငါးရစ်တက်ချိန် ပင်လယ်ထွက်ခွင့်တားတာတွေအပြင် ပိုက်ကွက်ငယ်တွေကို တားဆီးဖို့လည်း လိုပါတယ်။ ကျားဖောင် တို့လိုပိုက်ထဲဝင်တဲ့ ပင်လယ်သတ္တဝါမှန်သမျှ တစ်ကောင်မှမလွတ်ဘဲ အကုန်သေကုန်တဲ့ ငါးဖမ်းနည်းစနစ်မျိုးကိုလည်းပဲ ကြပ်မတ်ထိန်းသိမ်းဖို့လိုကြောင်း အလျဉ်းသင့်လို့ အကြံပြုလိုပါတယ်။

အဲဒီ ကမ်းဝေးငါးဖမ်းစက်လှေတွေဟာ စိမ်ပိုက်၊ မျှောပိုက်၊ ဘုံကျောင်း စသဖြင့် ငါးဖမ်းမှု ပုံစံအမျိုးမျိုးနဲ့ အုပ်စုလိုက်ပိုက်အလျားကို မိုင်နဲ့ချီပြီးချထားတာကြောင့် ကမ်းနီးကို အစာရှာထွက်လာတဲ့ ငါးတွေဟာ ကမ်းနားကိုမရောက်တော့ဘဲ မိရိုးဖလာနည်းနဲ့ပဲ ဖမ်းတတ်တဲ့ ဒေသခံတွေအဖို့ ငါးအရအမိ နည်းလာခြင်းလည်း ဖြစ်ပါတယ်။ ဒီကြားထဲပဲ တစ်ခါတစ်ခါအလစ်မှာ ဝင်ရောက်လာတဲ့ နိုင်ငံခြားက ငါးခိုးလှေရဲ့အန္တရာယ်ကလည်း ရှိပါသေးတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ်းကနေ (၁၀)မိုင်အထိ ငါးဖမ်းခွင့်ရှိတဲ့ ကမ်းနီး ငါးဖမ်းလှေတွေတောင် ဒီလိုညည်းညူနေကြတယ်ဆိုရင် ငါးဖမ်းကွက် (၃)မိုင်လောက်ပဲ ကျန်တော့တဲ့ ကုလားဂုတ်ကျွန်းနေပြည်သူတွေရဲ့ဘဝကတော့ စိုးရိမ်စရာပါပဲ။ ဒါကြောင့် ကျွန်တော့်အနေနဲ့ အထူး မေတ္တာရပ်ခံလိုတာက ဒီရေးမြို့နယ်၊ ကုလားဂုတ်ကျွန်းနဲ့ မြန်မာတစ်နိုင်ငံလုံးက ကျွန်းသူ၊ ကျွန်းသားတွေရဲ့ ဘဝရပ်တည်ရေး၊ အသက်ရှုချောင်လာစေရေးအတွက်လည်းကောင်း၊ ဒေသခံမိရိုးဖလာ ရေလုပ်သား များရဲ့ ကမ်းနီးငါးဖမ်းရေယာဉ်များ၊ ငါးဖမ်းကွက် ဧရိယာ ပိုမိုရရှိလာစေရေးအတွက်လည်းကောင်း ရည်ရွယ်ပြီးတော့ ကျွန်တော်တို့ ကျွန်းများအနီး ကမ်းဝေးရေယာဉ်များအတွက် ငါးဖမ်းဇုန်သတ်မှတ်ခြင်း၊ ကမ်းနီးရေမိုင်သတ်မှတ်ချက်ကို ပြန်လည်ပြင်ဆင်လျက် ဒေသခံရေလုပ်သားများအား အကာအကွယ် အထောက်အကူပြုနိုင်မယ့် ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်တွေကို သက်ဆိုင်ရာတာဝန်ရှိဌာန အဖွဲ့အစည်းများအနေနဲ့ စီမံထုတ်ပြန်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ ရှိပါက မည်သို့ စီမံဆောင်ရွက်ထားတာ ဆိုတာကို သိရှိလိုတဲ့အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် နေထိုင်လုပ်ကိုင် စားသောက်ကြသော ပင်လယ်ပျော်များရဲ့ ကိုယ်စားမေးမြန်းရခြင်းပဲ ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။ (သြဘာသံများ)


ကုလားကုတ်ကျွန်း တည်နေရာပြပုံ (ဂ)



ကပ္ပလီပင်လယ်ဘက်အခြမ်း မြင်ကွင်းပုံ (ဂ-၁)



ကမ်းဝေးငါးဖမ်းလှေများ၏ မြင်ကွင်းပုံ (ဂ-၂)



**တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ် အတွင်းရှိ ရဘဲ - ကျောက်တွင်း - ချောင်းဖျားကြီး - ဝဲမကိုက် ကျေးရွာချင်းဆက်လမ်းမှ ရဘဲ -ကျောက်တွင်းလမ်း(၅)မိုင်ကို မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန်နှင့် ကျောက်တွင်း - ဝဲမကိုက်လမ်း(၂)မိုင် နှင့် ကျောက်တွင်း - ချောင်းဖျားကြီး လမ်း(၁)မိုင်တို့ကို မြေသားလမ်းအသစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ။** ။ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသက်နိုင်စိုး က တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ် အတွင်းရှိ ရဘဲ - ကျောက်တွင်း - ချောင်းဖျားကြီး - ဝဲမကိုက် ကျေးရွာချင်းဆက်လမ်းမှ ရဘဲ - ကျောက်တွင်းလမ်း(၅)မိုင်ကို မြေသားလမ်းမှ ကျောက်ချော လမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန်နှင့် ကျောက်တွင်း - ဝဲမကိုက်လမ်း(၂)မိုင် နှင့် ကျောက်တွင်း - ချောင်းဖျားကြီးလမ်း(၁)မိုင်တို့ကို မြေသားလမ်းအသစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၄။**

**ဦးသက်နိုင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသက်နိုင်စိုး ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့်မေးခွန်းကတော့ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်အတွင်းရှိ ရဘဲ-ကျောက်တွင်း-ချောင်းဖျားကြီး-ဝဲမကိုက် ကျေးရွာချင်းဆက်လမ်းမှ ရဘဲ- ကျောက်တွင်းလမ်း(၅)မိုင်ကို မြေသားလမ်း အဆင့် မှ ကျောက်ချော လမ်းအဖြစ် အဆင့်တိုးမြှင့်ပေးရန်နှင့် ကျောက်တွင်း - ဝဲမကိုက်လမ်း(၂)မိုင် ကျောက်တွင်း - ချောင်းဖျားကြီးလမ်း(၁)မိုင်တို့ကို မြေသားလမ်းအသစ် ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ လောင်းလုံးမြို့နယ်ရှိ ကျောက်တွင်းကျေးရွာ အုပ်စုဟာ ကျေးရွာအုပ်စု (၄၅)အုပ်စု ရှိတဲ့အနက် ဖွံ့ဖြိုးမှု အနိမ့်ကျဆုံးကျေးရွာတစ်ရွာ ဖြစ်ပါတယ်။ အဓိကကတော့ လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့အတွက် ဖွံ့ဖြိုးမှု နိမ့်ကျရခြင်းဖြစ်ပါတယ်။ ကျေးရွာအုပ်စုအတွင်းမှာ အိမ်ယာဟောင်းကျေးရွာ၊ ကျောက်တွင်းကျေးရွာ၊ ချောင်းဖျားကြီးကျေးရွာ၊ စွန်ကြီးရွာနှင့် ဝဲမကိုက်ရွာ စသည့်ကျေးရွာ(၅)ရွာဖြင့် ဖွဲ့စည်းထားတဲ့ ပင်လယ်ကမ်းခြေရွာဖြစ်ပြီး ဥယျာဉ်ခြံစိုက်ပျိုးရေးနဲ့ ပင်လယ်ငါးဖမ်းလုပ်ငန်းဖြင့် အသက်မွေးကြတဲ့ ကျေးရွာ ဖြစ်ပါတယ်။ ရဘဲ - ကျောက်တွင်း - ချောင်းဖျားကြီး-ဝဲမကိုက်လမ်းသို့ အဆင့်တိုးမြှင့်ဖောက်လုပ်ပေးပါက ထိုဒေသ၏ အဓိက ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးကိစ္စများကို ကူညီဖြေရှင်းပေးနိုင်မည့်အပြင် ပင်လယ်ကမ်းခြေဒေသ ဖြစ်တဲ့အတွက် ရှုခင်းသာယာသောကြောင့် ခရီးသွားလုပ်ငန်းကို ပိုမို

အထောက်အကူပြုမှာဖြစ်စေပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုပွင့်လင်းလာကာ ဒေသထွက်ကုန်များသယ်ယူရာတွင်လည်း ပို၍လျင်မြန်လွယ်ကူလာမှာ ဖြစ်ပါတယ်။

ရဘဲ - ကျောက်တွင်းကျေးရွာချင်းဆက်လမ်းပိုင်း (၅)မိုင်ကို ကျေးလက်ဖွံ့ဖြိုးရေး ဦးစီးဌာနကနေပြီးတော့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ မြေသားလမ်းအဖြစ် ဖောက်လုပ်ပြီးစီးခဲ့သော်လည်း နှစ်ချင်းပေါက်ပဲ မိုးရာသီပြီးတဲ့အချိန်မှာ လမ်းဟာ ပျက်စီးသွားပါတယ်။ သို့ဖြစ်ပါ၍ ရဘဲ-ကျောက်တွင်းလမ်း(၅)မိုင်ကို ကျောက်ချောလမ်းအဆင့်သို့ တိုးမြှင့်ပေးရန်နှင့် ကျောက်တွင်း-ချောင်းဖျားကြီး (၁)မိုင်နှင့် ကျောက်တွင်း-ဝဲမကိုက်(၂)မိုင်ကို မြေသားလမ်းအဖြစ် အသစ်ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းကို ကျောက်တွင်းကျေးရွာ ပြည်သူများကိုယ်စား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ်ငွေကို နိုင်ငံတော်က ထုတ်ပေးသည့်နည်းတူ ထွန်ယက်သည့်နေရာတွင် မြန်ဆန်လွယ်ကူစွာ ထွန်ယက်နိုင်ရေးအတွက် လယ်ထွန်စက်များကို အခမဲ့၊ တစ်ဝက်နှုန်း၊ အရစ်ကျပေးချေစနစ်ဖြင့် နိုင်ငံတော်မှ ကူညီပံ့ပိုးပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ**။ ။ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ နော်ဆာမူထူး က တောင်သူလယ်သမားများအား စိုက်ပျိုး စရိတ်ငွေကို နိုင်ငံတော်က ထုတ်ပေးသည့် နည်းတူ ထွန်ယက်သည့်နေရာတွင် မြန်ဆန်လွယ်ကူစွာ ထွန်ယက်နိုင်ရေးအတွက် လယ်ထွန်စက်များကို အခမဲ့၊ တစ်ဝက်နှုန်း၊ အရစ်ကျပေးချေ စနစ်ဖြင့် နိုင်ငံတော်မှ ကူညီပံ့ပိုးပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဒေါ်နော်ဆာမူထူး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ အားလုံးနေ့သစ်၏ ချမ်းမြေ့မှုကို ပိုင်ဆိုင်နိုင်ကြပါစေ။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁) ကြာအင်းဆိပ်ကြီးမြို့နယ် လွှတ်တော်ကိုယ်စားလှယ် နော်ဆာမူထူး ဖြစ်ပါတယ်။ ဟုတ်ပါတယ်ရှင်။ ဥက္ကဋ္ဌကြီး ဖော်ပြထားသည့်အတိုင်း အားလုံးကို ကြားနာပြီးဖြစ်သည့်အတွက် အထက်ပါမေးခွန်းကို တင်ပြချက်နှင့်တကွ ကျွန်မဆက်လက်မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ တောင်သူလယ်သမားများသည် ပြောင်းလဲလျက်ရှိသော နိုင်ငံတော်၏ အခြေအနေအရ တောင်သူဦးကြီးများလည်း အတွေးအခေါ်အမြော်အမြင်များ ပြောင်းလဲလာပါသည်။ မိရိုးဖလာ ထွန်ယက်နေကြ လက်မှုပညာများကို အားမရတော့ပါသဖြင့် စက်မှုအားဖြင့် ထွန်ယက်စိုက်ပျိုးလာချင်ကြပါသည်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မနယ်ဆင်း၍ မဲဆန္ဒရှင်များနှင့်တွေ့ဆုံသောအခါ အထက်ပါမေးခွန်းကို ဦးကြီး တော်တော်များများ ကျွန်မကို မေးခဲ့ပါတယ်။

ကျွန်မ ပြန်မဖြေနိုင်ပါ။ သို့ပါသောကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသား မြေအသုံးချမှု မူဝါဒ အခန်း(၃)၊ အခြေခံမူများ အပိုဒ်(ဃ)၊ အမျိုးသားစားနပ်ရိက္ခာ ဖူလုံမှုဆိုင်ရာ မြေယာ၊ သားငါး၊ သစ်တောတို့နှင့် သက်ဆိုင်သည့် လုပ်ပိုင်ခွင့်များ၊ စီမံခန့်ခွဲရာတွင် လိုက်နာသင့်သည့် လမ်းညွှန်ချက်များအပါအဝင် နိုင်ငံတကာတွင် ကျင့်သုံးသည့် အကောင်းဆုံး လုပ်ထုံးလုပ်နည်းများ၊ လူ့အခွင့်အရေး စံများနှင့်အညီ ကျင့်သုံးဆောင်ရွက်ရန် ဆိုသည့်အချက်အားဖြင့်၊ ဥက္ကဋ္ဌကြီးရှင့်။ အထူးသဖြင့် ကရင်ပြည်နယ်ရှိ တောင်သူများသည် စစ်ဘေး၊ စစ်ဒဏ်ကို ခါးသီးစွာ ခံရမှုများနှင့်အတူ ဆင်းရဲသော တောင်သူလယ်သမားများ ဖြစ်ကြပါသည်။

လယ်ယာလုပ်ကိုင်ထွန်ယက်ရာမှာ ကုန်ကျစရိတ်ဝန်ထုပ်ဝန်ပိုးဒဏ်လည်း ခံနေရပါသည်။ လယ်ယာစိုက်ပျိုးမှု ကုန်ကျစရိတ် သက်သာမှုနှင့် လုပ်ငန်းတွင်ကျယ်မြန်ဆန်ရန် အရေးတကြီးလိုအပ် နေပါသည်။ သို့ဖြစ်ပါ၍ ဆင်းရဲသော ကရင်ပြည်နယ်ရှိ ကရင်တိုင်းရင်းသား၊ တောင်သူလယ်သမား များအား ဤအခက်အခဲကို ကျော်လွှားနိုင်ရန် စက်မှုလယ်ယာဦးစီးဌာနမှ တတ်စွမ်းသ၍ ကူညီ ဆောင်ရွက်ပေးစေလိုကြောင်း မဲဆန္ဒရှင် တိုင်းရင်းသားလယ်သမားများ၏ဆန္ဒအရ အထက်ပါ မြေယာအသုံးချမှု အခြေခံမူများနှင့်အညီ ဤမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါသည်။ မေးခွန်း မေးရာတွင် တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ်ငွေကို နိုင်ငံတော်က ထုတ်ပေးသလို ထွန်ယက်ရာမှာ (၁) အခမဲ့ထောက်ပံ့ကူညီမှုသော်လည်းကောင်း၊ (၂) ထက်ဝက်တန်ဖိုးပေးချေမှုသော် လည်းကောင်း၊ (၃) ဈေးနှုန်းသက်သာစွာ အရစ်ကျဝယ်ယူမှုသော်လည်းကောင်း နိုင်ငံတော် အစိုးရမှ စီစဥ်ဆောင်ရွက်ပေးမှု ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းခြင်း ဖြစ်ပါသည်။ တောင်သူများ အားလုံး လိုအင်ဆန္ဒပြည့်ဝပါစေ။ (သြဘာသံများ)

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၉။**

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များခင်ဗျား။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မဲဆန္ဒနယ် အမှတ်(၁၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမင်းနိုင် ရဲ့ မေးခွန်းကို ဦးစွာဖြေကြားပါမယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးရဲ့ မိမိရဲ့ဒေသအတွင်း ကျေးလက်အထိကွင်းဆင်းပြီး ကျေးလက်နေပြည်သူတို့ရဲ့ ဘဝတိုးတက်မြင့်မားနိုင်ရေးအတွက်ကို ယခုကဲ့သို့ မေးခွန်း မေးမြန်းတဲ့ အတွက်ကြောင့် ဝန်ကြီးဌာနကိုယ်စား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ပဏာမတင်ပြလိုပါတယ်။

ကျွန်တော်တို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်မှာရှိတဲ့ စက်မှု လယ်ယာဦးစီးဌာနအနေနဲ့ ကုန်းမြင့်လယ်ယာမြေ ဖော်ထုတ်ရေးလုပ်ငန်းတွေအနေနဲ့ စက်မှုလယ်ယာ

စနစ်တကျ လယ်ယာမြေဖော်ထုတ်ရေးလုပ်ငန်းတွေကို ဒေသလိုအပ်ချက်နဲ့လျော်ညီစွာ စီမံခန့်ခွဲဆောင်ရွက်သွားနိုင်ဖို့အတွက် ၂၀၁၃-၂၀၁၄ ခုနှစ်၊ ဘဏ္ဍာရေးနှစ်မှာ ကုန်းမြင့်လယ်ယာမြေဖော်ထုတ်ရေး လုပ်ငန်းကိုလည်းကောင်း၊ စက်မှုလယ်ယာစနစ် လယ်ယာမြေဖော်ထုတ်ရေးလုပ်ငန်းကို ၂၀၁၄-၂၀၁၅ ခုနှစ်မှာလည်းကောင်း၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့များရဲ့ စီမံခန့်ခွဲမှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ဖို့အတွက် စီမံဆောင်ရွက်ခဲ့ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့များ အနေနဲ့ကလည်း မိမိဒေသရဲ့ အမှန်တကယ်လိုအပ်ချက်အပေါ်မှာ စိစစ်ပြီး နှစ်အလိုက် လယ်ယာမြေဖော်ထုတ်မယ့်နေရာများ ရွေးချယ်သတ်မှတ်ခြင်း၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့ရဲ့ ရန်ပုံငွေမှာ ထည့်သွင်းတောင်းခံခြင်းနဲ့ ရန်ပုံငွေ ရရှိပါက အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ဒီလိုအကောင်အထည်ဖော် ဆောင်ရွက်ပေးတဲ့နေရာမှာ မိမိတို့ဌာနအနေနဲ့ နည်းပညာနဲ့ ယန္တရားအကူအညီများ ဖြည့်ဆည်းပြီး ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လေရှီး၊ လဟယ်နဲ့ နန်းယွန်းမြို့နယ်အတွင်း လယ်ယာမြေများဖော်ထုတ်ဆောင်ရွက်ဖို့ လိုအပ်ချက်များရှိလာပါက တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ညှိနှိုင်းပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေမှာ ထည့်သွင်းလျာထားဆောင်ရွက်ပေးဖို့ ဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့တော့ ကျွမ်းကျင်မှုနည်းပညာနဲ့ အကူအညီလိုအပ်ချက်များကို အတတ်နိုင်ဆုံး ပူးပေါင်းပါဝင် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့လည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေအတွက် စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လေရှီး၊ လဟယ် နှင့် နန်းယွန်းမြို့နယ်များမှာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်ကနေ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ကုန် အထိ (၄)နှစ်တာကာလအတွင်းမှာ ကတ္တရာလမ်း(၁၆)မိုင်၊ ကျောက်ချောလမ်း (၃၇)မိုင် (၃)ဖာလုံ၊ မြေသားလမ်း (၁၂၇)မိုင် (၇)ဖာလုံ၊ ကွန်ကရစ်တံတား (၁)စင်း၊ သစ်သားတံတား (၄၉)စင်းနဲ့ ရေပြွန်(၁၇၉)စင်းတို့ကို ဆောင်ရွက်ပေးထားခဲ့ပြီး ဖြစ်ပါတယ်။ လက်ရှိဒေသအတွင်း ကျေးလက်လမ်း မိုင်ပေါင်း(၈၉၄) မိုင် တည်ရှိပြီးလည်း ဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းမှာ ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် ကျပ်သန်းပေါင်း (၂၄၈.၁၉၅) အကုန်အကျခံပြီး ကတ္တရာလမ်း (၀.၁၅)ဖာလုံ၊ ကျောက်ချောလမ်း (၁)မိုင် (၄)ဖာလုံ၊ မြေသားလမ်း(၆)ဖာလုံ၊ ကွန်ကရစ်တံတား(၅)စင်း၊ သစ်သားတံတား(၁)စင်းနဲ့ Box Culvert (၃၂)စင်းတို့ကိုလျာထားဆောင်ရွက်ပေးလျက်ရှိပါတယ်။

တစ်ဆက်တည်းမှာပဲ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းမှာရှိတဲ့ လမ်းများအဆင့်မြှင့်တင်ခြင်းနဲ့ လမ်းသစ်ဖောက်လုပ်ရန်လိုအပ်တဲ့ ကျေးရွာချင်းဆက်လမ်းတွေကို နိုင်ငံတော်လမ်းများတည်ဆောက်မှု မဟာဗျူဟာနဲ့ ရင်းနှီးမြှုပ်နှံမှု အစီအစဉ်အပေါ်မှာအခြေခံပြီး ရန်ပုံငွေ

ရရှိမှုနဲ့ မိတ်ဖက်အဖွဲ့အစည်းများရဲ့ အကူအညီရရှိမှုတို့အပေါ်မှာမူတည်ပြီး ဦးစားပေးအစီအစဉ်များအရ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ခေတ်အဆက်ဆက်ဒေသဖွံ့ဖြိုးရေး နောက်ကျခဲ့ရတဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် လယ်ယာမြေဖော်ထုတ်ပြီး စိုက်ပျိုးမြေဖန်တီးရေး အပါအဝင် လူမှုဘဝတိုးတက်ရေး စီမံကိန်းများ သီးခြားရေးဆွဲအကောင်အထည်ဖော် နိုင်ဖို့အတွက် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနဲ့ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ လုပ်ငန်း စီမံကိန်းများ စိစစ်ရေးဆွဲပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြညှိနှိုင်း၍ ဆောင်ရွက်သွားသင့်ပါကြောင်း အကြံပြုတင်ပြ ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး အမှတ်(၁)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆန်း ရဲ့ မေးခွန်းကို ဆက်လက်ဖြေကြားပါမယ်။ ပျားလုပ်ငန်းဌာနဟာ ၁၉၇၉ ခုနှစ်ကစပြီး အိမ်တွင်း ပျားမွေးမြူရေး (ပျားဂေဟာ) လုပ်ငန်းကို သုတေသနပြုပြီး အစပျိုးဆောင်ရွက်ခဲ့တဲ့လုပ်ငန်း ဖြစ်ပါတယ်။ ၁၉၈၃-၁၉၈၄ ဘဏ္ဍာနှစ်မှာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဖွဲ့စည်းမှုအောက်မှာ ရှိပြီး မွေးမြူမှု၊ ထုတ်လုပ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများကို ယနေ့အထိ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ၁၉၈၉-၁၉၉၀ ခုနှစ်မှစပြီး နိုင်ငံပိုင်ကဏ္ဍမှထုတ်လုပ်ရရှိတဲ့ ပျားရည်နဲ့ ပျားထွက်ပစ္စည်းတွေကို ဂျာမဏီနဲ့ ဂျပန်နိုင်ငံကို စတင်တင်ပို့ရောင်းချခဲ့ရာမှာ ယနေ့အချိန်မှာ ပုဂ္ဂလိကကဏ္ဍမှ ကျယ်ကျယ်ပြန့်ပြန့် တင်ပို့ဆောင်ရွက်နေနိုင်တဲ့ အခြေအနေ ဖြစ်ပါတယ်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ ပုဂ္ဂလိကကဏ္ဍကနေ ထုတ်လုပ်ရရှိတဲ့ပျားရည် မက်ထရစ်တန် (၃၅၅၀)ကျော်ကို ထိုင်း၊ ကိုရီးယား၊ မလေးရှား၊ စင်ကာပူ၊ တရုတ်၊ အမေရိကန်၊ ကနေဒါ၊ ဂျပန် အစရှိတဲ့ နိုင်ငံတွေကို ပုံမှန်လမ်းကြောင်း၊ နယ်စပ်လမ်းကြောင်းကနေတစ်ဆင့် အမြင့်ဆုံးတင်ပို့နိုင်ခဲ့ပါတယ်။ ကမ္ဘာ့ပျားရည်တင်ပို့တဲ့ နိုင်ငံများနဲ့ ယခုအခါမှာ အပြိုင်အဆိုင်ရောင်းချလာမှုရှိတဲ့အတွက်ကြောင့် ပျားရည်ဈေးနှုန်း လျော့နည်းလာပြီးတော့ ပြည်တွင်းပျားရည်ကုန်ကြမ်း ဈေးကွက် ဝယ်ယူတင်ပို့မှုဟာ မတည်မငြိမ် ဖြစ်ခဲ့ရပါတယ်။ ဒါကြောင့်မို့လို့ ပုဂ္ဂလိကပျားမွေးမြူသူတွေရဲ့ ထုတ်လုပ်ရရှိတဲ့ပျားရည်တွေကို ပျားလုပ်ငန်းရှင်များအသင်းရဲ့ဦးဆောင်မှုနဲ့ ပျားရည်တင်ပို့တဲ့ကုမ္ပဏီများကနေ ဈေးနှုန်း၊ ဈေးကွက်တည်ငြိမ်မှုကို ဦးစားပေးပြီး ဦးဆောင်တင်ပို့ခြင်း၊ ပုဂ္ဂလိကပျားမွေးမြူသူအားလုံးကိုလည်း ပြည်ပပို့ စံချိန်မီဈေးကွက်ဝင် အရည်အသွေးနဲ့ ပျားရည်ထုတ်လုပ်ပေးဖို့အတွက် နှိုးဆော်ဆောင်ရွက်ပေးခဲ့မှုတို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးပါတယ်။ ထိုင်းနိုင်ငံကို ကုန်ကြမ်းတင်ပို့တဲ့စနစ် (Raw Honey)ကို နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းကနေပြီးတော့ စတင်စမ်းသပ်တင်ပို့ခြင်းများကိုလည်းပဲ အကူအညီပေး ဆောင်ရွက်လျက် ရှိပါတယ်။

ပျားမွေးမြူခြင်းကြောင့် သီးနှံပျက်စီးဆုံးရှုံးမှု မရှိကြောင်း၊ ပျားလုပ်ငန်းဌာန ဖွဲ့စည်းတည်ရှိရာ တိုင်းဒေသကြီး၊ ပြည်နယ်(၁၀)ခု၊ မြို့နယ် (၃၁) မြို့နယ်မှာ ပျားအုံချထား မွေးမြူတဲ့ဒေသများတွင် ပြည်သူတိုးချဲ့ ပညာပေးသင်တန်းတွေကိုလည်းပဲ နှစ်စဉ် တစ်နှစ်လျှင် တစ်မြို့နယ်(၄)ကြိမ်စီ လျာထားပြီး သင်တန်းများ ဖွင့်လှစ်၍ ဆောင်ရွက်ပေးလျက် ရှိပါတယ်။ ပုဂ္ဂလိက ပျားမွေးမြူသူများ ဘဝလုံခြုံမှုနဲ့ လွတ်လပ်စွာ မွေးမြူနိုင်ရေးအတွက် ပုဂ္ဂလိကလိုင်စင်တွေ ထုတ်ပေးပါတယ်။ လုပ်ငန်းဆိုင်ရာ

ညွှန်ကြားချက်များ ထုတ်ပြန်ပေးခြင်း၊ စည်းမျဉ်း၊ စည်းကမ်းဥပဒေများ ရေးဆွဲပြဋ္ဌာန်းပေးခြင်း၊ ပညာပေးသင်တန်းများ ပို့ချပေးခြင်း၊ နည်းပညာဖြန့်ဖြူးပေးခြင်းနှင့် (Inspection Team)များ ဖွဲ့စည်းပြီး ပျားအုံများ စစ်ဆေးခြင်းလုပ်ငန်းကိုလည်းပဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ပျားနဲ့ ပတ်သက်ပြီးတော့ ရောဂါကျရောက်မှု စစ်ဆေးကုသပေးခြင်းများကိုလည်းပဲ ဆောင်ရွက်ပြီး ရွှေ့ပြောင်း မွေးမြူရာဒေသတွေမှာလည်း ပျားစားကျက်တွေ နေရာချထားခြင်းနဲ့ လိုအပ်တဲ့အကူအညီများ ပံ့ပိုး ပေးခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပပေးခြင်းတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ပျားဝယ်ယူတဲ့ (Exporter)များ အနေနဲ့ကလည်း ဈေးကွက်နဲ့ အရည်အသွေး ထိန်းသိမ်း ဝယ်ယူနိုင်ဖို့အတွက် ပုဂ္ဂလိကအဖွဲ့အစည်းများနဲ့ဆက်စပ်ပြီး လုပ်ငန်းမတည်ရင်းနှီးငွေများ ထုတ်ပေး ခြင်း၊ စစ်ကိုင်း၊ မန္တလေး၊ မကွေးတိုင်းတို့မှာရှိတဲ့ သမဝါယမအသင်းစုတွေကနေပြီး ပျားမွေးမြူရေး သမဝါယမအသင်းတွေကို ချေးငွေထုတ်ပေးခြင်းများ ဆောင်ရွက်ပေးလျက် ရှိပါတယ်။ မြစိမ်းရောင် ငါးကဏ္ဍလှည့်ပတ်ရန်ပုံငွေ ထုတ်ပေးသလိုပဲ မြစိမ်းရောင်ပျားကဏ္ဍကိုလည်း ဘတ်ဂျက်များ ရေးဆွဲ တင်ပြတောင်းခံပြီး ဘဏ္ဍာငွေရရှိမှုအပေါ်မှာ မူတည်၍ ပျားမွေးမြူသူ (၂၅)ဦးကနေ (၅၀)ဦးအထက် ကျေးရွာတွေကို ရွေးချယ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနှံ့အပြား ပျားမွေးမြူရေး လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြတဲ့ ပုဂ္ဂလိကပျားလုပ်ငန်းရှင်များအနေနဲ့ ဈေးကွက်ဝင် စံချိန်မီ အရည်အသွေးမြင့် ပျားရည်တွေ ထုတ်လုပ်ပေးခြင်းဖြင့် ပြည်တွင်းစားသုံးပြီး ပိုလျှံတဲ့ပျားရည် တွေကို နိုင်ငံတကာဈေးကွက်တင်ပို့နိုင်ဖို့ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့နဲ့လည်း ချိတ်ဆက် ဆောင်ရွက်လျက် ရှိပါတယ်။ အလားတူ (EU)နိုင်ငံများကို တင်ပို့နိုင်ဖို့ အတွက်(GIZ)အဖွဲ့နဲ့ မွေးမြူရေး စနစ်များ၊ ဓာတ်ခွဲခန်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းတွေကို ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များခင်ဗျား။ မွန်ပြည်နယ် အမှတ်(၈)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးဝင်း ရဲ့ မေးခွန်းကို ဖြေကြားပေးပါမယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်း ဦးစီးဌာနအနေနဲ့ ရေလုပ်ငန်းကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး မြန်မာ့ပင်လယ် ငါးလုပ်ငန်း ရေပြင် အတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေတဲ့ ကမ်းနီး၊ကမ်းဝေး ငါးဖမ်းရေယာဉ်တွေ စနစ်တကျ စီမံခန့်ခွဲနိုင်ရေးအတွက် မြန်မာ့ပင်လယ်ငါးလုပ်ငန်း ဥပဒေကို ၁၉၉၀ ပြည့်၊ ဧပြီလ(၂၅) ရက်နေ့မှာ ဥပဒေအမှတ် (၉/၉၀) ဖြင့် ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီ ထုတ်ပြန်ထားတဲ့ မြန်မာ့ပင်လယ်ငါးလုပ်ငန်း ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကို ၁၉၉၃ခုနှစ်၊ အောက်တိုဘာ (၂၈) ရက်နေ့မှာ ဥပဒေအမှတ် (၁၆/၉၃) ဖြင့်လည်းကောင်း ထုတ်ပြန်ထားပြီးတော့ ဥပဒေနဲ့အညီ စီမံဆောင်ရွက်ပေးလျက် ရှိပါတယ်။

မြန်မာ့ပင်လယ်ငါးလုပ်ငန်း ဥပဒေနဲ့အညီ ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်းမှာ ငါးဖမ်း လုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေတဲ့ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်တွေအတွက် ကမ်းနီးငါးဖမ်း လုပ်ငန်းရေပြင်နဲ့ကမ်းဝေးငါးဖမ်းလုပ်ငန်း ရေပြင်သတ်မှတ်ချက်တွေကိုလည်းပဲ ၁၉၉၀ ပြည့်၊ ဩဂုတ်လ (၂၉)ရက်မှာလည်း အမိန့်ကြော်ငြာစာ(၁/၉၀)ဖြင့်လည်းကောင်း၊ ၂၀၁၃ ခုနှစ်၊ မတ်လ (၆)ရက်နေ့ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ်(၂/၂၀၁၃)ဖြင့်လည်းကောင်း ထုတ်ပြန်ပေးခဲ့ပါတယ်။ အဲဒီ ထုတ်ပြန်ချက်

အရ ကမ်းနီးဒေသဆိုတာ မြန်မာ့ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် ကမ်းခြေမှ ရေမိုင်(၁၀)မိုင်အတွင်း၊ ကမ်းဝေးဒေသဆိုသည်မှာ ကမ်းနီးဒေသလို့ သတ်မှတ်ထားတဲ့နေရာဒေသရဲ့ပြင်ပ သီးသန့်စီးပွားရေးဇုန် အထိ ပင်လယ်ပြင်ကို သတ်မှတ်ထားခြင်း ဖြစ်ပါတယ်။

မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ကုလားဂုတ်ကျွန်းဟာ ကမ်းခြေက ခန့်မှန်းအားဖြင့် (၇)မိုင်ခန့် အကွာအဝေးမှာ တည်ရှိပါတယ်။ အလျား(၇)မိုင်၊ အနံ(၂)မိုင်ခန့် ကျယ်ဝန်းပြီးတောင်မြောက် သွယ်တန်းနေတဲ့ ကျွန်းတစ်ကျွန်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ကျွန်းမှာ အိမ်ခြေ(၁၀၈၈)လုံး၊ အိမ်ထောင်စု (၁၁၁၃)စု၊ လူဦးရေ (၅၂၈၈)ဦး နေထိုင်လျက်ရှိကြောင်းလည်း သိရှိရပါတယ်။ ကျားကိရိယာနဲ့ ရေယာဉ်(၇၅)စီး၊ ငါးမျှားတန်းကိရိယာနဲ့ ရေယာဉ် (၂၀)စီး၊ စုစုပေါင်းရေယာဉ် (၉၅)စီး နဲ့ ကမ်းနီးငါးဖမ်းလုပ်ငန်းကို အဓိကထား လုပ်ကိုင်လျက်ရှိကြောင်း သိရှိရပါတယ်။ ကမ်းရိုးတန်း တစ်လျှောက် အမည်ရှိတဲ့ ကျွန်းပေါင်း(၇၇၄)ကျွန်း ရှိပါတယ်။ အမည်မရှိတဲ့ကျွန်းပေါင်းဟာ (၆၂၆) ကျွန်း ရှိပါတယ်။ စုစုပေါင်း မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်မှာ ကျွန်းပေါင်း (၁၄၀၀)တည်ရှိပါတယ်။ ထိုကျွန်းတွေဟာ ကမ်းနီးရေပြင်တွင်သာ တည်ရှိတာမဟုတ်ဘဲနဲ့ ကမ်းနီးရေပြင် အပြင်ဘက် ကမ်းဝေး ရေပြင်များမှာလည်း တည်ရှိလျက် ရှိပါတယ်။

ဒါကြောင့် ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ အခြေအနေအရပ်ရပ်ကို သုံးသပ်ပြီး တည်ဆဲမြန်မာ့ ငါးလုပ်ငန်းဥပဒေနဲ့အညီ ကမ်းနီးငါးလုပ်ငန်းရေပြင်ကို ကမ်းရိုးတန်းဒေသမှာရှိတဲ့ တိုင်းဒေသကြီး၊ ပြည်နယ်တွေမှာ မြန်မာ့ပင်လယ် ကမ်းရိုးတန်းတစ်လျှောက် ကမ်းခြေမှ ရေမိုင်(၁၀)မိုင်အတွင်း တစ်ပြေးညီ သတ်မှတ်ထားခြင်း ဖြစ်ပါတယ်။ ငါးလုပ်ငန်းဦးစီးဌာနက တရားဝင်မှတ်ပုံတင်ထားတဲ့ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်တွေဝင်ရောက်တာ၊ ထွက်ခွာတာ၊ မထွက်ခွာမီ ငါးဖမ်းကိရိယာ စစ်ဆေးတာ၊ သက်ဆိုင်ရာပူးပေါင်းအဖွဲ့များနဲ့ တာဝန်အလိုက်စစ်ဆေးခြင်းတို့ကိုလည်းပဲ ငါးဖမ်းရေယာဉ် စစ်ဆေးရေးစခန်း (Check Point) များနဲ့ ဆောင်ရွက်ပြီးတော့ ပင်လယ်ပြင်မှာရှိတဲ့ ကမ်းနီး၊ ကမ်းဝေး၊ ငါးဖမ်းရေယာဉ်တွေကို ကာကွယ်ရေးဝန်ကြီးဌာနရဲ့ စစ်ဆေးကြီးကြပ်မှုနဲ့ ဆောင်ရွက်ပေးလျက် ရှိပါတယ်။

မြန်မာ့ပင်လယ်ငါးလုပ်ငန်း ရေပြင်အတွင်းမှာ ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေတဲ့ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ သတ်မှတ်ပြဌာန်းထားတဲ့ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခြင်း ရှိ/မရှိကိုလည်းကောင်း၊ ခွင့်ပြုထားခြင်းမရှိတဲ့ ငါးဖမ်းကိရိယာနဲ့ ငါးဖမ်းဆီး နေခြင်းကိုလည်းကောင်း၊ တရားမဝင် ဥပဒေမဲ့ဖမ်းဆီးနေခြင်းကိုလည်းကောင်း စစ်ဆေးကြပ်မတ်နိုင်ဖို့ အတွက် ကာကွယ်ရေးဝန်ကြီးဌာန၊ တပ်မတော်(ကြည်း)နဲ့ တပ်မတော်(ရေ)တို့ကို စစ်ဆေးရေးမှူး တာဝန်များပေးအပ်နိုင်ဖို့အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအဖွဲ့ရုံးကလည်းပဲ အမိန့်ကြော်ငြာစာနဲ့ ထုတ်ပြန်တာဝန်ပေးထားပြီး ဖြစ်ပါတယ်။ ပင်လယ်ပြင်ငါးလုပ်ငန်း ရေပြင်အတွင်း မှာ တရားမဝင်လိုင်စင်မဲ့ ငါးဖမ်းဆီးခြင်းနဲ့ ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာန၊ တပ်မတော် (ကြည်း) တပ်ရင်းတပ်ဖွဲ့များနဲ့ တပ်မတော်(ရေ) စစ်ရေယာဉ်တွေက နယ်မြေရှင်းလင်းရေးတာဝန် ဆောင်ရွက်စဉ်နဲ့ ကမ်းနီးငါးဖမ်းလှေငယ်များမှ သတင်းပေးပို့ချက်များအရ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ အစီး(၂၀)၊ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ အစီး(၃၀)နဲ့ ၂၀၁၆-၂၀၁၇ မှာ (၈)စီးတို့ကို ဖမ်းဆီးရမိခဲ့တဲ့အတွက်

တည်ဆဲမြန်မာ့ပင်လယ် ငါးလုပ်ငန်းဥပဒေနှင့် နိုင်ငံခြားငါးဖမ်းရေယာဉ်များ ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေနှင့်အညီ စီမံဆောင်ရွက်ခဲ့ပါတယ်။

မြန်မာ့ပင်လယ် ငါးလုပ်ငန်းရေပြင်အတွင်းမှာ တရားဝင် ငါးဖမ်းဆီးခွင့်လိုင်စင် ရယူပြီး ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေတဲ့ ပြည်တွင်း၊ ပြည်ပကမ်းဝေးငါးဖမ်းရေယာဉ်များ သတ်မှတ် စည်းကမ်း ဖောက်ဖျက်တဲ့အတွက် ၂၀၁၄-၂၀၁၅ ခုနှစ်မှာလည်းပဲ ပြည်တွင်းငါးဖမ်းရေယာဉ်(၂၆)စီး၊ နိုင်ငံခြားငါးဖမ်းရေယာဉ်(၃)စီး၊ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ ပြည်တွင်းငါးဖမ်းရေယာဉ်(၂)စီး၊ ၂၀၁၆-၂၀၁၇ မှာ ပြည်တွင်းငါးဖမ်းရေယာဉ် (၁၂)စီးတို့ကို တည်ဆဲမြန်မာ့ပင်လယ် ငါးလုပ်ငန်းဥပဒေနဲ့ နိုင်ငံခြား ငါးဖမ်းရေယာဉ်လုပ်ငန်းများ ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ပါတယ်။

ဒါကြောင့်မို့လို့ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် မွန်ပြည်နယ်၊ ရေးမြို့နယ်မှာရှိတဲ့ ကုလား ဂုတ်ကျွန်း အပါအဝင် ကျွန်းများနဲ့ ပတ်သက်ပြီး ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ အမိန့်နဲ့ ညွှန်ကြားချက် များ သီးခြားထုတ်ပြန်ရန် အစီအစဉ် မရှိသေးပါကြောင်းနဲ့ ကုလားဂုတ်ကျွန်းဟာ တည်ဆဲ မြန်မာ့ ပင်လယ်ငါးလုပ်ငန်းဥပဒေအရ သတ်မှတ်ထားတဲ့ ကမ်းနီးငါးလုပ်ငန်း ရေပြင်အတွင်းမှာသာ တည်ရှိတဲ့ အတွက် ကျွန်းအနီးမှာရှိတဲ့ ကမ်းနီးငါးလုပ်ငန်းရေပြင်ကို ကမ်းဝေးငါးဖမ်းရေယာဉ်များ တရားမဝင် ငါးဝင်ရောက်ဖမ်းဆီးနေမှုများကို တွေ့ရှိပါက နီးစပ်ရာ တပ်မတော်(ရေ) စစ်ရေယာဉ်များသို့ သတင်း ပေးပို့ခြင်း၊ မှတ်တမ်းဓာတ်ပုံများ ရယူ၍ သက်ဆိုင်ရာ ခရိုင်၊ ပြည်နယ်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန များသို့ သတင်းပေးပို့ခြင်းများ ပူးပေါင်းဆောင်ရွက်ပေးပါက ဥပဒေနှင့်အညီ ထိရောက်စွာ ဆောင်ရွက် ပေးသွားနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသက်နိုင်စိုး ရဲ့ မေးခွန်းကို တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နဲ့အတူ ပေါင်းစပ် ဖြေကြားသွားမှာ ဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ်၊ ရဘဲ-ကျောက်တွင်း- ချောင်းဖျားကြီး ကျေးရွာချင်းဆက်လမ်းဟာ အရှည်(၆)မိုင် (၄)ဖာလုံရှိပြီး ကျေးရွာ(၃)ရွာ၊ အိမ်ခြေ (၁၂၈)အိမ်၊ လူဦးရေ(၃၅၄)ဦးတို့အား အကျိုးပြုပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရန်ပုံငွေနဲ့ ရဘဲ-ကျောက်တွင်း မြေသားလမ်း အရှည်(၅)မိုင်ကို ဖောက်လုပ်ပြီးလည်းဖြစ်ပါတယ်။ ကျန် ကျောက်တွင်း-ချောင်းဖျားကြီးလမ်း (၁)မိုင်(၄)ဖာလုံကို မြေသား လမ်းဖောက်လုပ်မယ်ဆိုရင် ငွေ(၃၂.၅၀၅)ကျပ်သန်း ကုန်ကျမှာဖြစ်ပါတယ်။ ကျောက်ချောလမ်း(၆)မိုင် (၄)ဖာလုံ ခင်းမယ်ဆိုရင် ငွေကျပ်(၅၂၂.၅၃၅)သန်းနဲ့ ရေပွန်(၆)စင်းအတွက် (၁၅)သန်း၊ စုစုပေါင်း ငွေကျပ်(၅၇၀.၀၄၀)သန်း ကုန်ကျမယ်လို့ တွက်ချက်စိစစ်ရရှိပါတယ်။ လောင်းလုံးမြို့နယ်၊ ကျောက်တွင်း- ဝဲမကိုက်လမ်းဟာ အရှည်(၁)မိုင်(၆)ဖာလုံရှိပါတယ်။ ကျေးရွာ(၂)ရွာ၊ အိမ်ခြေ(၂၁၄)အိမ်၊ လူဦးရေ (၅၉၀)ဦးတို့ကို အကျိုးပြုပါတယ်။ အဆိုပါလမ်းကို မြေသားဖောက်လုပ်မယ်ဆိုရင် ငွေကျပ်(၃၇.၉၂၂၅) သန်းနဲ့ ရေပွန်(၇)စင်းအတွက် ငွေကျပ်(၁၇.၅၀)သန်း၊ စုစုပေါင်း ငွေကျပ်(၅၅.၄၂၂၅)သန်း ကုန်ကျမှာ ဖြစ်ပါတယ်။

တိုင်းဒေသကြီးအတွင်းမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၆-၂၀၁၇ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်(၂၅၉၅)သန်းဖြင့် ကွန်ကရစ်လမ်း(၆)မိုင်၊ ကတ္တရာလမ်း (၄)ဖာလုံ၊ ကျောက်ချောလမ်း(၆)မိုင် (၄)ဖာလုံ၊ မြေသားလမ်း(၇)မိုင်(၅)ဖာလုံ၊ ကွန်ကရစ်တံတား (၇) စင်း၊ သစ်သား တံတား(၁)စင်းနဲ့ ရေပြွန်(၃)စင်းတို့ကို လျာထားဆောင်ရွက်ပေးလျက်ရှိပါတယ်။ လောင်းလုံးမြို့နယ် အတွင်းမှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ်(၃၅၃.၉၅၁)သန်းနဲ့ ကွန်ကရစ်လမ်း (၂)မိုင် (၃)ဖာလုံနဲ့ ရေပြွန်(၃)စင်းတို့အား လျာထားဆောင်ရွက်ပေးလျက် ရှိပါတယ်။ ကျေးလက်လမ်း၊ တံတားလုပ်ငန်းများနဲ့ ပတ်သက်ပြီး ပြည်ထောင်စုအဆင့်က လမ်းအမျိုးအစားနဲ့ လမ်းအဆင့် သတ်မှတ်ခြင်း၊ လမ်း၊ တံတားစံချိန်စံညွှန်းများ သတ်မှတ်ခြင်း၊ လမ်းနယ်နိမိတ်သတ်မှတ်ခြင်းနဲ့ လမ်းပိုင်ဆိုင်မှု နယ်နိမိတ်သတ်မှတ်ခြင်းတို့ကို ဒေသန္တရလမ်း၊ တံတားဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို တင်ပြအတည်ပြုချက် ရယူပြီး ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာရေးနှစ်မှစပြီး လမ်း၊ တံတားလုပ်ငန်းတွေအတွက် ဘဏ္ဍာငွေ လျာထားတဲ့နေရာမှာ ဗဟိုကော်မတီမှ အတည်ပြုထားတဲ့ စံချိန်စံညွှန်းများရဲ့ စံနှုန်းများအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ပြည်နယ်၊ တိုင်းဒေသကြီးတွေအနေနဲ့ နှစ်တို၊ နှစ်ရှည် မိမိတို့ရဲ့စီမံကိန်းတွေမှာ ဦးစားပေးရေးဆွဲ တင်ပြထားတဲ့လုပ်ငန်းတွေအပေါ်မှာ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ရန်ပုံငွေရရှိမှုအပေါ်မှာမူတည်ပြီး ဆက်လက်ဆောင်ရွက် ပေးသွားမှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်မှ မေးမြန်းတဲ့ လောင်းလုံးမြို့နယ် အတွင်းရှိ ကျေးရွာချင်းဆက် (၂)လမ်းကိုတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှာ ပါဝင်ခဲ့ခြင်း မရှိပါ၍ လတ်တလော ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါသော်လည်းပဲ နှစ်အလိုက် ပြည်နယ်၊ တိုင်း ဒေသကြီးတွေရဲ့ ဦးစားပေးလျာထားမှုအပေါ်မှာ မူတည်ပြီး လျာထားဆောင်ရွက်ပေးသွားမည် ဖြစ်ပါ ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နဲ့အတူ ပြန်လည်ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ် များခင်ဗျား။ ကရင်ပြည်နယ် အမှတ်(၁၁) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်ဆာမူထူး ရဲ့မေးခွန်းအပေါ်မှာ ပြန်လည်ဖြေကြားပေးပါမယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အောက်မှာရှိတဲ့ စက်မှုလယ်ယာဦးစီးဌာနအနေနဲ့ တောင်သူဦးကြီးတွေရဲ့ စိုက်ပျိုးထွန်ယက်လုပ်ကိုင် ဆောင်ရွက်ရာမှာ လုပ်ငန်းများ အဆင်ပြေစေဖို့ သီးနှံစိုက်ပျိုးရိတ်သိမ်းတဲ့ ရာသီအလိုက်မှာ လုပ်ငန်း ပမာဏများပြားတဲ့ လယ်ယာလုပ်ငန်းခွင်အတွင်းမှာ စက်မှုလယ်ယာဝန်ဆောင်မှု ရှေ့တန်းစခန်း တွေကို ဖွင့်လှစ်ပေးပြီး လယ်ယာသုံးစက်ကိရိယာများ အဆင်ပြေချောမွေ့စွာ သုံးစွဲနိုင်ရေးအတွက် အနီးကပ် ကူညီဆောင်ရွက်ပေးလျက် ရှိပါတယ်။ လယ်ယာသုံး စက်ကိရိယာတွေကို ကိုယ်ပိုင်ဝယ်ယူ သုံးစွဲလိုတဲ့ တောင်သူလယ်သမားတွေနဲ့ ပုဂ္ဂလိက လယ်ယာဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်လိုတဲ့ ဒေသခံတောင်သူလယ်သမားတွေအနေနဲ့ လယ်ယာသုံးစက်ကိရိယာတွေကို ဝယ်ယူသုံးစွဲရာမှာ အဆင်ပြေစေနိုင်ဖို့အတွက်လည်း နိုင်ငံတော်က ခွင့်ပြုရန်ပုံငွေအပေါ်မှာမူတည်ပြီး တောင်သူ

လယ်သမားများ ကြိုက်နှစ်သက်တဲ့ ထွန်စက်တွေကို ကျသင့်တန်ဖိုး အတွက် (၂)နှစ်ကာလအတွင်း (၃)ရစ် ခွဲဝေ ပေးသွင်းရတဲ့ အရစ်ကျစနစ်နဲ့ ဖြန့်ဖြူးရောင်းချပေးလျက် ရှိပါတယ်။

နှစ်စဉ် လယ်ယာသုံးစက်ကိရိယာတွေကို အရစ်ကျအကြွေးစနစ်နဲ့ ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာမှာ ၂၀၁၁ ခုနှစ်မှနေပြီး ၂၀၁၆ ခုနှစ်အထိ ခေတ်မီထွန်စက်ကြီး (၄၉၀)စီး၊ လက်တွန်းထွန်စက် (၃၅၁၂၀)စီး ဖြန့်ဖြူးရောင်းချပေးခဲ့ပြီး ဖြစ်ပါတယ်။ ဝယ်လိုအား များပြားလာတဲ့ လယ်ယာသုံး စက်ကိရိယာတွေကို နိုင်ငံတော်ရဲ့ ခွင့်ပြုရန်ပုံငွေ တစ်ခုတည်းနဲ့ ဖြည့်ဆည်းပေးရန် လုံလောက်ခြင်းမရှိတဲ့အတွက် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ၊ ငွေကြေးဖြည့်ဆည်းပေးနိုင်မယ့် ဘဏ်အဖွဲ့အစည်းများနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနတို့ ညှိနှိုင်းပေါင်းစပ်ပြီး လယ်ယာသုံးစက်ကိရိယာတွေကို ကနဦးပေးသွင်းငွေ (၁၀)ရာခိုင်နှုန်းနဲ့ (၃)နှစ်(၇)ရစ် ခွဲဝေပေးသွင်းတဲ့စနစ်နဲ့ ဈေးနှုန်းသက်သာစွာ ဝယ်ယူရရှိနိုင်ဖို့ စီစဉ်ဆောင်ရွက်ပေးလျက် ရှိပါတယ်။ နှစ်စဉ်ပြည်ထောင်စုရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်တွေအရ စက်မှုလယ်ယာဦးစီးဌာနအနေနဲ့ ခွဲဝေရရှိတဲ့ အသုံးစရိတ်ရန်ပုံငွေဖြင့် တောင်သူလယ်သမားများ လိုလားနှစ်သက်တဲ့ လယ်ယာသုံးစက်ကိရိယာတွေကို ဝယ်ယူဖြည့်တင်းခဲ့ပြီး (၂)နှစ် (၃)ရစ် ခွဲဆပ်ရတဲ့ အရစ်ကျစနစ်နဲ့ တောင်သူတွေကို ဖြန့်ဖြူးရောင်းချပေးပါတယ်။

ဖြန့်ဖြူးရောင်းချရတဲ့ ရငွေတွေကို လျာထားချက် ပြည့်မီအောင် ပြန်လည်ကောက်ခံပေးသွင်းရတဲ့ အတွက်ကြောင့် အခမဲ့ကူညီထောက်ပံ့ပေးမှုကို လည်းကောင်း၊ ထက်ဝက်တန်ဖိုး ပေးချေမှုအား လည်းကောင်း ဆောင်ရွက်ပေးနိုင်ခြင်း မရှိသော်လည်း အထက်မှာတင်ပြခဲ့တဲ့အတိုင်း ဈေးနှုန်းသက်သာစေရန်နဲ့ အရစ်ကျပေးချေခြင်းတို့ကို ဆောင်ရွက်ပေးလျက် ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မေး၊ မေး။ လိုရင်းမေး။

**ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ အခုလို မေးခွန်းကိုလာရောက်ဖြေကြားပေးတဲ့ ဒုတိယဝန်ကြီးကို အထူးကျေးဇူးတင်ပါတယ်။ ကျွန်တော် ခုနမေးတဲ့ မေးခွန်းမှာ အဓိကပြဿနာက ဒီကမ်းဝေးငါးဖမ်းလှေတွေဟာ သူ့ရဲ့ (၁၀)မိုင်အကွာမှာပဲ သူဖမ်းတယ်ခင်ဗျား။ ဒါပေမဲ့ အဲဒီငါးဖမ်းလှေတွေဟာ ကျွန်တော် ပုံမှာပြထားသလိုပဲ တန်းစီပြီးတော့ ဒီ ကျွန်းကနေ (၃)မိုင်အကွာမှာ ပိုက်တွေကို အပေါ်ကနေဟိုးအောက်အထိ ပိုက်တားထားသလို လှေတွေဟာ စီပြီးချထားတဲ့အခါကျတော့ အဲဒီငါးတွေဟာ ဒီကျွန်းဘက်ကို လာလို့မရဘူး။ သူကလည်းပဲ သူ့တရားဝင်ခွင့်ပြုချက်နဲ့ သူ(၁၀)မိုင် အကွာမှာပဲ သူတားတယ်။ ကျွန်တော်တို့ အဲဒီလှေကိုဓာတ်ပုံရိုက်လည်း သူက(၁၀)မိုင်အကွာမှာ ရှိနေတာပဲ သူပြောမယ်။ ဒါပေမဲ့ ကျွန်းကနေပြီးတော့(၃)မိုင်ပဲ ရှိတယ်။ အဲဒီကျွန်းရဲ့ အနောက်မှာ ကော့ဒွတ်ချောင်းဝ ဆိုတာရှိတယ်။ ဒီ ငါးတွေဟာ ဥတက်ဖို့၊ ဒီချောင်းထဲဝင်ဖို့လာတဲ့ငါးတွေဟာ ဘာမှလာလို့မရဘူး။ ဘာဖြစ်လို့လဲဆိုရင် ဒီထိပ်မှာ ကန့်လန့်ဖြတ်ကြီး လှေ(၁၀)စီးလောက်တားရင် ဒီကျွန်းတစ်ကျွန်းစာက အသာလေးပဲ။ အဲဒီလိုမျိုး ဖြစ်နေတဲ့အခါကျတော့ ဒီကျွန်းပေါ်မှာ ကျွန်းတွေကို ငါးမလာတဲ့အခါကျတော့ ဒီ လှေတွေကလည်း အပြင်ကို ထွက်လို့မရဘူး။ ကမ်းဝေးသွားရင် သူတို့ချတဲ့

ပိုက်တွေက ဒီလှေကြီးတွေ ဆွဲရင် တစ်ခါပါသွားပြန်ရော။ အဲဒီတော့ သူတို့မှာ ပြဿနာက ကမ်းဝေးကိုလည်း ထွက်မရ၊ ကမ်းနီးကိုလည်း ငါးမလာ၊ အဲဒီပြဿနာဖြစ်လို့ ကျွန်တော့်ဆီကို လာပြောတော့ ကျွန်တော်တို့အနေနဲ့ ဘယ်လိုမျိုး ကုစားပေးနိုင်မလဲ။ ဒီဟာကို အဲဒီအတွက်ကြောင့် ကျွန်တော် ဒီမေးခွန်းကို မေးရခြင်း ဖြစ်ပါတယ်။ သူက ဥပဒေအရပဲ ဖမ်းတယ်။ (၁၀)မိုင်အကွာမှာဖမ်းတယ်။ ဒါပေမဲ့ ကျွန်းကနေ (၃)မိုင်ပဲ ရှိတယ်။ (၃)မိုင်ပဲနေရာမှာ ပိုက်တားပြီး ထားထားတဲ့အခါကျတော့ ဒီကျွန်းပေါ်က ငါးလုပ်သားတွေက ထမင်းငတ်ကုန်တယ်။ ဒါကြောင့် ဒီပြဿနာကို ကျွန်တော်မေးခြင်းဖြစ်ပါတယ်။ ဝန်ကြီးဌာနအနေနဲ့ ဘယ်လိုမျိုး ကုစားပေးနိုင်မလဲ။ ဒီပြဿနာကို အဲဒါကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးကတစ်ဆင့် ကျွန်တော်ထပ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ အခုလို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဒေသခံပြည်သူတွေရဲ့အကျိုးကို တိတိကျကျနဲ့ စီမံဆောင်ရွက်ပေးနိုင်ဖို့အတွက် ထပ်ဆင့်မေးခွန်းအပေါ် ကျေးဇူးတင်ပါတယ်။ ကျွန်းများ ငါးမလာနိုင်အောင် စီမံတားဆီးထားတဲ့ ကိစ္စကတော့ လက်ရှိပြဋ္ဌာန်းထားတဲ့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနဲ့အညီ စီမံဆောင်ရွက်ပေးသွားဖို့ ရှိပါမယ်။ အဆိုပါဒေသကိုလည်းပဲ မိမိရဲ့ ငါးလုပ်ငန်းဦးစီးဌာနမှ အသေအချာစိစစ်ပြီး ဒီငါးတွေ ကျွန်းအတွင်းမှာ ဝင်ရောက်လာနိုင်တဲ့ အခြေအနေတွေကိုလည်းပဲ ကျွန်တော်တို့ ပြန်လည်စိစစ်ပေးဖို့ လိုပါမယ်။ ရေသယံဇာတအောက်မှာရှိတဲ့ ငါးတွေရဲ့ အနေအထားဟာ တဖြည်းဖြည်းနဲ့ သယံဇာတအရ ကုန်ခန်းလာတဲ့ အနေအထားမျိုးလည်း ရှိပါတယ်။

သို့ဖြစ်တဲ့ အတွက်ကြောင့်မို့လို့ မိမိသက်ဆိုင်ရာ ဒေသမှာရှိတဲ့ ငါးလုပ်ငန်းဦးစီးဌာနကို ဆက်လက်ညွှန်ကြားပြီးတော့ ခုန အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ပြည်သူရဲ့ လိုအပ်ချက်တွေကို မည်ကဲ့သို့ စီမံဆောင်ရွက်ပေးနိုင်မယ်ဆိုတာကိုတော့ အသေးစိတ်ကွင်းဆင်း စီမံဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ဖြည့်စွက်မေးခွန်းအပေါ်မှာ ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၄။**

**ဒေါ်လှဌေး(ခ)ဒေါ်အုန်းကြည် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်ရှင်။ ကျွန်မကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ဥပဒေကြမ်းကော်မတီ အဖွဲ့ဝင် ဖြစ်ပါတယ်ရှင်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ တာဝန်ပေးချက်အရ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းအပေါ်မှာ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားသွားမှာ ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ

စာအမှတ်၊ ၁/အမ (ကော်မတီ-၁) ၁/၂၀၁၇-၀၂၀
ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်

၁။ ပြည်သူ့လွှတ်တော်က ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြင်ဆင်ချက်များဖြင့် သဘောတူအတည်ပြုပြီး ၂၁-၁၁-၂၀၁၆ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့ပါသည်။ အဆိုပါဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် ၂၄-၁-၂၀၁၇ ရက်နေ့တွင် ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။

### လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် အောက်ပါအတိုင်း တွေ့ရှိရပါသည်။

(က) အရေးအသားကျစ်လျစ်မှု ရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် အပိုဒ် ၃၊ အပိုဒ်ခွဲ(က) ခြေဆင်းတွင် ဖော်ပြထားသော စကားရပ်များအစား ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ(ခ) နှင့် ပုဒ်မခွဲ(ဃ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ဥပဒေရေးထုံးနှင့် ညီညွတ်မှုရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ပုဒ်မ ၅၊ ပုဒ်မခွဲ(ည)တွင် ဖော်ပြထားသော စကားရပ်များအစား ပုဒ်မခွဲ(ဈ)ပါ အဖွဲ့ဝင်လေးဦးအနက် ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သူတစ်ဦး၊

အတွင်းရေးမှူးဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၈၊ ပုဒ်မခွဲ(ဇ)တွင် ဖော်ပြထားသော စကားရပ်များအစား ပုဒ်မခွဲ(ဆ)ပါ အဖွဲ့ဝင် လေးဦးအနက် ဥက္ကဋ္ဌမှ တာဝန်ပေးအပ်သူ တစ်ဦး၊ အတွင်းရေးမှူးဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အဓိပ္ပာယ် ပိုမိုရှင်းလင်းမှုရှိစေရန်အတွက် ပုဒ်မ ၄၀ တွင် ဖော်ပြထားသော ဥပဒေဆိုင်ရာ အထောက်အကူပေးရေး အဖွဲ့အဆင့်ဆင့်အတွက် လိုအပ်သည့် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးသည် ဝန်ထမ်း ဖွဲ့စည်းပုံဆိုသည့် စကားရပ်ကို ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်အတွက် လိုအပ်သည့် ဝန်ထမ်းဖွဲ့စည်းပုံဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) ကျန်အပိုဒ်များကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း ဆက်လက်အတည်ပြုသင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ဤဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ညှိနှိုင်းသဘောတူညီမှု ရရှိခဲ့ပြီး ဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များနှင့်အတူ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်များကို အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အားလုံးကို ကျေးဇူးတင်ပါတယ်။**

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၅၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက် အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၈-၂-၂၀၁၇ (ဗုဒ္ဓဟူးနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် စတုတ္ထနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၅၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်(တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး တတိယနေ့ကို ၁၀း၅၉ နာရီ အချိန်တွင် ရပ်နားပါသည်။]